ခွန်းညိုသွေး

# သတိရခြင်း
# မီးခိုးတန်းများ



သတိရခြင်း
မီးခိုးတန်းများ
ခွန်းညိုသွေး
ရေရွတ်သံများရဲ့ဖြစ်တည်ခြင်း အစ

အထူးအထွေလည်းမဟုတ်ပါဘူး

လူတစ်ယောက်က လူတစ်ယောက်ကို သတိရတဲ့အခါ

သဲ့သဲ့လေး ညည်းမိတာမျိုး

ချောင်တစ်ချောင်မှာထိုင်ပြီး တစ်ခုခုကို ရေရွတ်မိတာမျိုး၊

တံခါးဝက ပျက်နေတဲ့ လူခေါ်ခေါင်းလောင်းလေးကို

တခုတ်တရ ဖိနှိပ်မိတာမျိုးပါ…

အဲဒီလို ရေရွတ်သူတွေရှိမယ်

အဲဒီလို မီးခိုးတန်းတွေကို

မဖမ်းယူဘဲ ငေးကြည့်ကြသူတွေရှိမယ်

တစ်ခါတလေ အဲဒီသတိရခြင်းတွေထဲကို

ခဏတာ စီးမျောကြည့်မိတယ်

အဲဒီလို အခိုက်အတန့်လေးပါပဲ…။

ချစ်စွာသော

ခွန်းညိုသွေး



***

## ကိုယ့်အရပ်က သူ့ဇာတ်ပါပဲ

ကိုယ့်အရပ်လည်း သူ့ဇာတ်ဖြစ်ခဲ့ပြီ

ပျော်ရွှင်ပါစေကြောင်းပေါ့...

တိတ်ဆိတ်ညတွေဟာ

အရင်အတိုင်း မပြောင်းလဲစွာနဲ့

ကိုယ့်အရပ်ဟာ သူ့ဇာတ်ပါပဲ

ကိုယ့်နှုတ်ခမ်းဟာ သူ့သီချင်းကို ဆိုတယ်

ကိုယ့်မျက်လုံးဟာ သူ့အပြုံးကိုပြုံးတယ်

ကိုယ့်ကောက်ယူခဲ့သမျှတွေဟာ

သူ့လက်ခုပ်နဲ့ အပြည့်

ကိုယ့်ပိုင်ဆိုင်နိုင်သမျှက သူ့နိုင်ငံသုံး ဒင်္ဂါးတွေ

သံလွင်ခက်ပန်ထားတဲ့ အခင်းအကျင်းနဲ့

ငေးမော ပျော်ရွှင်ရာမှန်သမျှ


ကိုယ့်တူရိယာက သူ့ရယ်သံ

ကိုယ့်ရဲ့စည်းဝါးက သူ့ခြေလှမ်းအရွေ့

ကိုယ့်ရဲ့ဒီရေဟာ သူ့ရဲ့လကိုပဲ တွေ့ရ

ကိုယ့်အရပ်ဟာ သူ့ဇာတ်ပါပဲ

ကိုယ့်အရပ်ဟာ သူ့ဇာတ်ဖြစ်ခဲ့။ ။



***